


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# တရေးနိုးရင်လည်း ဒါပဲတွေးပါ

## သစ္စာဝိပဿနာ

(၂၀၂)

ဟောကြားသည့်နေ့
၁-၇-၁၉၆၀

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူအပ်သောတရားတော်

# တရေးနိုးရင်လည်း ဒါပဲတွေးပါ

## (သစ္စာဝိပဿနာ)

ဟောကြားသည့်နေ့ (၁-၇-၁၉၆၀)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြံစည်တဲ့နည်းကို ဟောသည်။ မင်းတို့ကွာတဲ့ ကြံစည်ပုံ နှစ်မျိုးရှိတယ်။ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဖြစ်ဖို့ကို ကြံစည်တာတစ်မျိုး၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ငြိမ်းအေးဖို့ကို ကြံစည်တာ တစ်မျိုးလို့ ပုထုဇဉ်များမှာ နှစ်မျိုးရှိတယ်လို့ မှတ်ရမယ်နော် . . . (မှန်ပါ ဘုရား)။

## ကြံ့စည်ပုံနှစ်မျိုး

ပုထုဇဉ်များမှာ ဒကာဒကာမတို့ ကြံ့စည်ပုံနှစ်မျိုးရှိတယ်။

(၁) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဖြစ်ဖို့ ကြံ့စည်တာက တစ်မျိုး

(၂) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ငြိမ်းဖို့ ကြံ့စည်တာက တစ်မျိုး။

ကြံ့စည်တာ ဘယ်နှမျိုးပါလိမ့် . . . (နှစ်မျိုးပါဘုရား)။ နှစ်မျိုးရှိတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်ထားပါ . . . (မှန်ပါ)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်ဖို့ ကြံ့စည်တာက တစ်မျိုး၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ငြိမ်းဖို့ရာ ကြံ့စည်တာက တစ်မျိုး၊ ကြံ့စည်ပုံနှစ်မျိုးရှိတယ်လို့ မှတ်ထားကြပါ။

ကောင်းပြီ ဒီကြံ့စည်ပုံသည်ကားလို့ ဆိုလို့ရှိရင်၊ ဒကာဒကာမတွေ ဘယ်အချိန်၊ ဘယ်ကာလမှာ ဘယ်လိုလာတတ်တယ်ဆိုတာ၊ တစ်နေ့ကလည်း အညွှန်အညွှန်ပြောခဲ့တယ်။

## ဘယ်အချိန်မှာလာတတ်သတုံး

ဘယ်အချိန် ဘယ်ကာလမှာတုံးဆိုလို့ ရှိရင်ဖြင့် ဒကာဒကာမတွေ တစ်ယောက်တည်းထိုင်ပြီး သကာလ နေတဲ့ အခါမှာလည်း ကြံ့မိ ကြံ့ရာ ကြံ့တတ်ကြတယ်နော် . . . (မှန်ပါ)။

အိပ်ယာဝင်တဲ့အခါမှာလည်း နဖူးပေါ်လက်တင်ပြီး သကာလ ကြံမိကြံရာ ကြံတတ်ကြတယ်။ တရေးနိုးတဲ့ အခါမှာလည်း နဖူးပေါ်လက်တင်ပြီး သကာလ ကြံမိကြံရာ ကြံတတ်ကြတယ်နော် . . . (မှန်ပါ့)။

မနက် မိုးလင်းပြန်လို့ရှိရင်လည်း လင်းသည်နဲ့ တစ်ပြိုင်နက်တည်း အိပ်ယာက ဖြုန်းခနဲ မထခင် ကြံမိကြံရာ ကြံတတ်ကြတယ်။

အဲဒီ ကြံစည်မှုတွေက ဒကာဒကာမတို့ သောက ပရိဒေဝ ဒုက္ခဒေါမနဿဖြစ်ဖို့ကို ဆည်းပူးတာနဲ့ တယ်တူတာယ် . . . (မှန်ပါ)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတွေ၊ ဘုရားက ကြံစည်ပုံ ဘယ်လို ကြံစည်ရမယ်ဆိုတာကိုလည်း ဟောတယ်၊ မကြံစည်ရဘူးဆိုတာ ကိုလည်း ဟောထားတော့၊ ဒီနှစ်မျိုးကို ရှင်းလင်းပြီး သကာလ ဒကာဒကာမတွေကို ပြဖို့ အရေးကြီးလာတယ် . . . (မှန်ပါ့)။

## အသက်ကြီးလေ ကြံစည်မှုများလေ

ကိုင်း . . . ဒါဖြင့် ပြောကြပါစို့ ဒကာ ဒကာမတွေသည် အသက်ကြီးလာလေလေ၊ ငယ်တုန်းမှာ ဒီလောက် ကြံစည်မှု မရှိဘူး။ အသက်အရွယ်လေးကြီးလာပြီဆိုရင် နဖူးပေါ်လက်တင်ပြီး စဉ်းစားတယ်။

ဘာစဉ်းစားပါလိမ့်မလဲ၊ ရှေ့ဘယ်လို နေရမတုံး၊ နောက် နောင် ဘယ်လိုဖြစ်ဖို့ရာ အရေးများ ရှိသေးပါလိမ့်မလဲ ဆိုပြီး သကာလ တွေးကြတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေး မတွေးကြဘူးလား . . . (တွေးပါတယ်ဘုရား)။

ကိုစောမောင် တွေးလေ့ရှိတယ်နော်၊ သားရေး၊ သမီး ရေး၊ စီးပွားရေး တွေးလေ့ရှိတယ်နော်၊ ဒကာဒကာမတွေ မှတ်ထားကြပါ . . . (မှန်ပါ)။

ထိုကဲ့သို့ တွေးလေ့ရှိတဲ့အခါကျတော့၊ ကိုယ့်ဟာကိုယ် စိတ်ကူးနဲ့ကိုပဲ တော်ကြာကျလို့ရှိရင်၊ အတွေးခံရတဲ့ ပုဂ္ဂိုလ် တွေက ကိုယ့်အကြိုက်၊ ကိုယ့်အလိုက် ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘူးဘုရား)။

မဖြစ်နိုင်တော့ကိုးတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ တွေးရင်း တွေးရင်းနဲ့ပဲ သောက ပရိဒေဝတွေ ကိုစောမောင် ဖြစ်ရတယ် . . . (မှန်ပါ)။

သားရေး၊ သမီးရေး၊ စီးပွားရေး၊ နေရေး၊ ထိုင်ရေးတွေ တွေးလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ မလိုက်ဘူးလား . . . (လိုက် ပါတယ်ဘုရား)။

## မတွေးကောင်းတာတွေးလို့ ဒုက္ခရောက်ရတယ်

ဒါ-ဘာကြောင့်ပါလိမ့်မလဲလို့ မေးတော့၊ မတွေးကောင်းတာ တွေးလို့ ကိုယ်ဒုက္ခရောက်ရတာ . . . (မှန်ပါ့) ဘယ်လို မှတ်ကြမယ် (မတွေးကောင်းတာ တွေးလို့ ကိုယ်ဒုက္ခရောက် တာပါဘုရား)။

မတွေးကောင်းတာတွေးလို့ မိမိဒုက္ခ မိမိရှာတာနဲ့ မတူ ဘူးလား . . . (တူပါတယ်ဘုရား) ကိုစောမောင် မတူဘူးလား . . . (တူပါတယ်ဘုရား)။

မိမိဒုက္ခ မိမိရှာတာနဲ့ တယ်တူတယ် ဒကာဒကာမတွေ . . . (မှန်ပါ့)။

ကောင်းပြီ၊ ဒီလို တွေးလိုက်တဲ့အခါကျလို့ရှိရင် သားအတွက်တွေးလိုက်၊ သမီးအတွက်တွေးလိုက်၊ ည အိပ်တာ ကလေးတွေ ကြည့်ပြီးသကာလလည်း တွေးလိုက်တာပဲ၊ ရှေ့ရေး နောက်ရေး ဆိုတဲ့ စားဖို့သောက်ဖို့ အိုးစာမင်းစာ အတွက်လည်း တွေးလိုက်တာပဲ။

## တွေးလေလေ ကြောင့်ကြမှုတွေ လာလေလေ

တွေးလေလေ ဒကာဒကာမတွေ သန္တာန်၌ စိုးရိမ်မှု၊ ကြောင့်ကြမှုတွေ လာလေလေ၊ မလာဘူးလား . . . (လာပါ တယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့်တုံး မေးတဲ့အခါကျတော့၊ တွေးတော စုံစမ်းတာသည် မတွေးတော ကောင်းတာကို တွေးတော စုံစမ်းတဲ့အတွက် ဤကဲ့သို့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်လာတာ . . . (မှန်ပါ့) သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

ဒါတွေးကောင်း၊ မတွေးကောင်း . . . (မတွေးကောင်းပါ တယ်ဘုရား)။ အဲဒီတော့ကို တွေးတဲ့ပုဂ္ဂိုလ်ဟာ တွေးလိုက် တော့ကို အလိုမကျမှုဟာ ကိုယ်ထဲက ကိုပေါ်လာတာ . . . (မှန်ပါ့)။

ကိုစောမောင် သူများက ပေါ်တာလား၊ ကိုယ့်အထဲ တွေးရင်း ပေါ်လာတာလား . . . (ကိုယ့်အထဲ တွေးရင်း ပေါ်လာ တာပါဘုရား)။

ကိုယ့်အထဲ တွေးရင်း ပေါ်ပြီးလာတော့ ဒကာဒကာမ တွေ ကိုယ့်အတွေးက ကိုယ့်နှိပ်စက်တယ် . . . (မှန်ပါ့)။ ကိုပေါ်, ဘယ်သူက နှိပ်စက်သတုံး . . . (ကိုယ့်အတွေးက ကိုယ့်နှိပ်စက် ပါတယ်ဘုရား)။

## ကိုယ့်အတွေးက ကိုယ့်နှိပ်စက်တယ်

ကိုစံလှရေ. . . ဘယ်သူက နှိပ်စက်သတုံး . . . (ကိုယ့် အတွေးက ကိုယ့်နှိပ်စက်ပါတယ်ဘုရား) အင်း . . . ဘယ်သူက

လာပြီးသကာလ နှောင့်ယှက်လို့တုံး မေးလို့ရှိရင် ကိုယ့်တွေးလုံးက ဒကာဒကာမတွေတဲ့ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ပစ္စည်းရေးတွေတွေးလိုက်တယ်။

ထိုကဲ့သို့ တွေးပြီးသကာလ တွေးတော့ အကုန် အချိုးကျချည့် ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘူးဘုရား)။

မဖြစ်နိုင်တာလေးတွေကို ခေါင်ပြီး တွေးလိုက်တဲ့အခါကျတော့၊ ဘယ့်သူ့အတွက် ဘယ်ဝ့ါအတွက်ကတော့ နေရာမကျပါဘူး ဆိုတာလေးက ကြားထိုးမလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ကြားထိုးလာတော့ တွေးတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခ ဒေါမနဿတွေ လိုက်မလိုက် . . . (လိုက်ပါတယ်ဘုရား) ဒုက္ခ ဒေါမနဿတွေ လိုက်ပြီး သကာလ နေတော့ မိမိခန္ဓာ့အတွက် တွေးပြန်လည်း ဒီအတိုင်းပဲ ဒုက္ခ၊ ဒေါမနဿတွေ လိုက်တာပဲ . . . (မှန်ပါ့)။

သူတစ်ပါး ခန္ဓာတွေအတွက် တွေးလိုက်ပြန်တော့ကော . . . (ဒုက္ခဒေါမနဿတွေ လိုက်ပါတယ်ဘုရား) လူတိုင်းပဲ ဒုက္ခဒေါမနဿတွေ လိုက်တယ် ဆိုတာ ငြင်းဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

## မတွေးကောင်းတာတွေးလို့

အဲဒါ ဘယ့်နှယ်ကြောင့်တုံး မေးလို့ရှိရင်၊ မတွေးကောင်းတာ တွေးတဲ့အတွက် ဒုက္ခဒေါမနဿတွေ လိုက်တယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်ပါ. . . (မှန်ပါ့)။

အဲဒီတော့ မိမိခန္ဓာအတွက် တွေးပြန်လည်း မိမိခန္ဓာက အနတ္တကြီးပဲ ကိုစောမောင်ရဲ့ ဘယ်နည်းနဲ့မိမိအလိုလိုက်ပါ့မတုံး . . . (မလိုက်ပါဘူးဘုရား)။

သားသမီး ခန္ဓာတွေ ပစ္စည်းတွေ တွေးလိုက်ပြန်တော့ ကော . . . (မလိုက်ပါဘူးဘုရား)။ သူတို့ကလည်း အနတ္တတွေ မဟုတ်လား . . . (မှန်ပါ့)။ ကိုယ်တွေးတဲ့အတိုင်း ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘူးဘုရား)။

အဲဒီတော့ မဖြစ်နိုင်တာ တွေးပြီးသကာလ နေတော့၊ တွေးရင်း တွေးရင်းနဲ့ပဲ ဗွေဖောက်ပြီးသကာလ လာပြီးသကာလ နေတော့တာပဲ ကိုစောမောင် . . . (မှန်ပါ့)။

အပြီးသတ်တော့ ဘာရသတုံးဆိုတော့ ဒုက္ခ ဒေါမနဿ ရယ်၊ အိပ်မပျော်တာပဲ ရတာပဲ . . . (မှန်ပါ့) တခြား ဘာရ သေးသတုံး . . . (မရပါဘူးဘုရား)။

ဒီကျောက်ကလေး၊ ဒီမြကလေးတွေးလိုက်ပြန်လို့ ရှိရင် လည်း ကိုစောမောင်ရေ ဒါပဲ ပြန်ရတာပဲ . . . (မှန်ပါ) ဒုက္ခ ဒေါမနဿပဲ ပြန်မရဘူးလား . . . (ရပါတယ်ဘုရား)။

ကိုယ်က အသက်အရွယ် ကြီးလာတာနဲ့ သားတွေ သမီးတွေ၊ ကိုယ့် အသက်အရွယ် ကြီးလာတာ တွေးလိုက်တာ က တစ်မျိုး၊ သားတွေ သမီးတွေက ဖြုန်းတတ် သုံးတတ်တာ တွေက ပေါ်လာတာကတစ်မျိုး။

ဒါတွေ တွေးလိုက်ပြီဆိုမှဖြင့်လည်း နောက်က ဘာတွေ လိုက်လာတုံး . . . (ဒုက္ခဒေါမနဿတွေ လိုက်လာပါတယ် ဘုရား)။

တနည်း ငယ်တုန်းက မသိ မလိမ္မာတာတွေနဲ့၊ အခု ကြီးတဲ့အခါကျတော့ အသုံးအဖြုန်းများခဲ့တာတွေ တွေးမိ ပြန်ရင်ကော . . . (ဒုက္ခ ဒေါမနဿတွေ လိုက်လာပါတယ် ဘုရား)။

ဩော် . . ဒကာ ဒကာမတို့ ဒါ မတွေးကောင်းတာ တွေးတဲ့အတွက်တဲ့၊ ဒုက္ခဒေါမနဿတွေ လိုက်လာတယ် . . . (မှန်ပ့ါ) ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

## ဘာတွေးလို့ပါလိမ့်

ဘာတွေးလို့ပါလိမ့် . . . (မတွေးကောင်းတာတွေးလို့ပါ ဘုရား)။ မတွေးကောင်းတာ တွေးတဲ့အတွက် ဒကာ ဒကာမ တွေမှာ ဒုက္ခ ဒေါမနဿတွေ လိုက်မနေဘူးလား. . . (လိုက်ပါ တယ်ဘုရား)။

အင်း. . . အဝိဇ္ဇာကလည်း အိပ်ရာဝင်ရင် သူအရင်လာကတည်းက ဖြစ်ချင်တယ်. . . (မှန်ပါ)။ အိပ်ရာဝင်ရင်. . . (သူအရင်လာပါဘုရား)။

တစ်ရေးနိုးရင်ကော . . . (သူဝင်လာပါတယ်ဘုရား)။ ကိုစောမောင် သူကချည့်အရင်လာတာ. . . (မှန်ပါ)။ အိပ်ရာက မနက်စောစောနိုးပြန်ရင်ကော. . . (သူဝင်လာပါတယ်ဘုရား)။

တစ်ယောက်တည်း ထိုင်ပြီးသကာလ နေတဲ့အခါမှာကော. . . (သူဝင်လာပါတယ်ဘုရား)။ အံမလေး၊ သူကလည်း လာချိန်မနည်းလှပါလား. . . (မနည်းပါဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဒီဟာတွေးလေလေ၊ ကိုယ့်မှာလုံ့ချက်မိလေလေလို့ မှတ်လိုက်. . . (မှန်ပါ)။ သောကလုံ့ချက်၊ ပရိဒေဝလုံ့ချက်တွေ မမိပေဘူးလား. . . (မိပါတယ်ဘုရား)။

အင်း. . . ဒကာ ဒကာမတွေ မတွေးကောင်းတာတွေးတဲ့အတွက်တဲ့၊ တွေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တဲ့စိုးရိမ်စရာ ကြောင့်ကြစရာ ဒါတွေ လျှောက်ပြီး သကာလ တွေး၊ တွေးရင်း မတ္တနဲ့ပဲ ကိုယ့်မှာ ဒုက္ခတွေ ပေါ်လာတယ်၊ ဒေါမနဿတွေကော . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာပြီး အိပ်မပျော် စားမဝင်တာတွေကော မလာဘူးလား . . . (လာပါတယ်ဘုရား) တော်ကြာ မှုးတယ်၊ မော်တယ်၊ နောက်တယ်ဆိုတာကော (လာပါတယ်ဘုရား)။

## အနတ္တကို အတ္တဖြစ်အောင်တွေးလို့

ဒါဘာဖြစ်လို့တုံး မေးလို့ရှိရင် မတွေးကောင်းတာ တွေးလို့၊ အနတ္တကို အတ္တဖြစ်အောင် တွေးလို့လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ဒုက္ခသစ္စာကို သုခသစ္စာဖြစ်အောင် တွေးလို့လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ) ဘယ်လိုမှတ်ကြမယ် . . . (အနတ္တကို အတ္တဖြစ်အောင် တွေးပါတယ်ဘုရား) အနတ္တကို အတ္တဖြစ်ချင်ရင်လည်း တွေးတယ်၊ ဒုက္ခသစ္စာကို သုခသစ္စာ ဖြစ်ချင်လို့လည်း တွေးတယ်။

မဖြစ်နိုင်တာ တွေးတဲ့အတွက်လည်း ဒုက္ခ ဒေါမနဿ လိုက်ရတာ . . . (မှန်ပါ့) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဖြစ်နိုင်တာတွေးတာလား၊ မဖြစ်နိုင်တာ တွေးတာလား . . . (မဖြစ်နိုင်တာ တွေးတာပါဘုရား) မဖြစ်နိုင်တာ တွေးတော့ ဘာတွေ အမြတ်တွေ ထွက်လာပါလိမ့် . . . (ဒုက္ခ ဒေါမနဿတွေ ထွက်လာပါတယ်ဘုရား)။

ဒုက္ခ ဒေါမနဿတွေ ထွက်ပြီးသကာလ လာတော့တယ်ဆိုတော့၊ ဩော် . . . ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အတွေးတောင်မှ သင်လို့၊ ဒီဥစ္စာကို ကိုဓောမောင် ဒီတရား ဆင်းလာရတာ၊ ဒါ သံယုတ်ပါဠိတော်က လာတာ . . . (မှန်ပါ)။

ဒကာကြီးလှိုင်တို့ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား) လူငယ်မှာ အတွေးသန်သလား၊ လူကြီးမှာ အတွေးသန်သလား . . . (လူကြီးမှာ အတွေးသန်ပါတယ်ဘုရား)။

ဟာ ! . . . ကိုစောမောင် လူကြီးမှာ ဒုက္ခ ဒေါမနဿ များမှာပဲ . . . (များမှာပါဘုရား) မများပေဘူးလား . . . (များပါတယ်ဘုရား)။

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့ ဒီလိုတွေးလေလေ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာက၊ ဒုက္ခ ဒေါမနဿဘက် သွားလေလေဆိုတာကော သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

အဲ့ဒါ အနတ္တကို အတ္တဖြစ်အောင် တွေးလို့ ဖြစ်ရတာ . . . (မှန်ပါ့) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဒုက္ခကိုသုခဖြစ်ချင်လို့

ဒုက္ခကို သုခဖြစ်ချင်လို့ . . . (တွေးတာပါဘုရား) ဖြစ်ကောဖြစ်နိုင်တဲ့ ဓမ္မမျိုးလား . . . (မဖြစ်နိုင်ပါဘူးဘုရား) မဖြစ်နိုင်တဲ့ ဓမ္မမျိုးကို ဘုန်းကြီးတို့ ဒကာဒကာမတွေက အတွေး ခေါင်ပြီးသကာလ နေတဲ့အတွက် ဒုက္ခဒေါမနဿတွေ မလိုက် ဘူးလား . . . (လိုက်ပါတယ်ဘုရား)။

အဲ့ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မတွေးကောင်းတဲ့ တရားကွတဲ့၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

မတွေးကောင်းတဲ့ တရားတွေးတော့ကို ဒုက္ခ ဒေါမနဿလိုက်ပြီး အပါယ်မသွားရဘူးလား . . . (သွားရပါတယ်ဘုရား)။

ဒါပဋိစ္စသမုပ္ပါဒ် ဒကာဒကာမတို့၊ ပဋိစ္စသမုပ္ပါဒ်မှာဘယ်က စလိုက်ပါလိမ့်မတုံး မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ဒါကိုယ့်ခန္ဓာငါးပါး (ဆရာတော်ကြီး ပစ္စည်းတစ်ခုကို ပြသည်) ကိုယ့်ခန္ဓာငါးပါးကို ဒီကနေပြီးသကာလ တွေးလုံးဆိုတဲ့ သဘောလေးနဲ့ ကိုယ့်ခန္ဓာငါးပါး တွေးလိုက်တယ်။

## ငါအိုရင်ခက်ချေရဲ့

ငါ အိုရင် ခက်ပါသေးရဲ့ မလာပေဘူးလား . . . (လာပါတယ်ဘုရား) ငါ အိုရင် ခက်ပါသေးရဲ့ ဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌိတွေးလုံးလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ကိုစောမောင် ဘယ်သူပါလိမ့် . . . (ဒိဋ္ဌိတွေးလုံးပါဘုရား) ဒါဖြင့် တွေးလုံးဟူသ၍သည် ဒကာဒကာမတွေ ဒိဋ္ဌိကလာတာမှတ်လိုက် . . . (မှန်ပါ) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

တွေးလုံးဟူသ၍ . . . (ဒိဋ္ဌိက လာတာပါ ဘုရား) ငါ အို့ရင် ခက်ပါသေးရဲ့ဆိုတဲ့ ဒီအတွေးလုံးဟာ ဒိဋ္ဌိနဲ့ တွေးတာ . . . (မှန်ပါ့)။

ဒိဋ္ဌိနဲ့ တွေးတာဖြစ်လေသောကြောင့်တဲ့၊ ဒကာဒကာမ တွေ စဉ်စားကြည့်၊ ငါအိုရင် ခက်ပါသေးရဲ့ ဆိုတာ ကိုယ့်ခန္ဓာ ကိုယ်တွေးတာ . . . (မှန်ပါ့) မတွေးဘူးလား . . . (တွေးပါတယ် ဘုရား)။

ကိုယ့်ခန္ဓာ၊ ခန္ဓာငါးပါး ပျောက်ပြီးသကာလ ငါဖြစ်ပြီး သကာလ မနေလား . . . (နေပါတယ်ဘုရား)။

## ဒိဋ္ဌိနဲ့တွေးတာ

ဒါကြောင့် ငါအိုရင် ခက်ပါသေးရဲ့ဆိုတဲ့ သဘောတွေ မလာဘူးလား . . . (လာပါတယ်ဘုရား) ကဲ . . . ဘာနဲ့တွေး ကြတုံး . . . (ဒိဋ္ဌိနဲ့ တွေးတာပါဘုရား) ဒိဋ္ဌိနဲ့ တွေးတာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ) ရှင်းကြပြီလား . . . (ရှင်းပါပြီ ဘုရား)။

တစ်ခါ ကိုယ့် အတွက် တွေးလို့၊ ဒီဘက်ကနေပြီး ဒိဋ္ဌိ နောက်က နေပြီး သကာလ လိုက်လာတာက ဒေါမနဿတို့ သောကတို့၊ ပရိဒေဝတို့ မလိုက်ပေဘူးလား . . . (လိုက်ပါတယ် ဘုရား)။

ဩော် . . . ကိုစောမောင် ဒိဋ္ဌိမူတည်လိုက်တာကိုး . . . (မှန်ပါ) ဒိဋ္ဌိ မူတည်လိုက်တော့ ဒုက္ခ ဒေါမနဿတွေ မလိုက်ပေဘူးလား . . . (လိုက်ပါတယ်ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိကစတဲ့ ပဋိစ္စသမုပ္ပါဒ်

ဩော် . . . ဒိဋ္ဌိကစတဲ့ ပဋိစ္စသမုပ္ပါဒ်ပါလားဆိုတာကော ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား) ကောင်းပြီ တစ်ခါ ဒါလေးတွေက သားလေးတွေ၊ သမီးလေးတွေ လုပ်ကြ။ ဒီသား သမီးတွေ ကြည့်လိုက်ပြန်လို့ရှိရင်လည်း သူတို့အတွက်လည်း ခက်ပါသေးရဲ့ ဒိဋ္ဌိပဲ . . . (မှန်ပါ)။

သူတို့ ဆိုထားတာကိုး . . . (မှန်ပါ့) ရုပ်နာမ် ဖြစ်ပျက်ပေါ်သေးရဲ့လား . . . (မပေါ်ပါဘူးဘုရား) မပေါ်တော့ သူတို့အတွက်လည်း ခက်ပါသေးရဲ့၊ ရှေ့လူလား မြောက်ဖို့နဲ့ အများကြီး လိုသေးတာပဲ၊ ဒါတွေဆိုတော့လည်း မလွယ်တာ အကြီးဆုံးဆိုတာ ခင်ဗျားတို့ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား စဉ်းစား . . . (မိစ္ဆာဒိဋ္ဌိပါဘုရား) ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိနဲ့ တွေးတာဖြစ်နေသောကြောင့်တဲ့၊ ဒိဋ္ဌိနောက်ကနေပြီး သကာလ ဒေါသသောက ပရိဒေဝတွေ အကုန်လိုက်တယ် . . . (မှန်ပါ့) မလိုက်ပေဘူးလား . . . (လိုက်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဤကဲ့သို့ လိုက်နေတော့ ဒကာဒကာမတို့ ဒါတွေဟာ ပင်ကိုက သားသမီးဆိုတာလည်း ခန္ဓာငါးပါး အနတ္တတရား၊ မိမိဆိုတာကော . . . (ခန္ဓာငါးပါး အနတ္တတရားပါဘုရား)။

## ဒိဋ္ဌိအရင်ဖြုတ်ပါ

အဲဒါ တရားတွေကို တစ်ခါတည်း၊ ငါ့အတွက် ခက်သေးရဲ့၊ ငါ့သား ငါ့သမီးတွေအတွက် ခက်သေးရဲ့၊ ငါ့ဆွေမျိုးတွေအတွက် ခက်သေးတယ်၊ ငါ့ကုန်ကလေးတွေအတွက်လည်း မစွံနိုင်လို့လည်း ခက်သေးတယ်၊ ကိုစောမောင် ဘယ်သူက လာတာလို့ ဆိုမတုံး . . . (ဒိဋ္ဌိက လာတာပါဘုရား) သေချာပြီလား . . . (သေချာပါပြီဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့ ဒိဋ္ဌိအရင်မဖြုတ်သ၍ ကာလပတ်လုံး ဒီတွေးလုံး နှိပ်စက်တာနဲ့ ကိုမြင့်တို့ အပါယ်ကျတယ်၊ မကျဘူးလား၊ ကျသလား. . . (ကျပါတယ်ဘုရား)။ ကိုစံလှ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့်. . . ဒါ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား. . . (မိစ္ဆာဒိဋ္ဌိပါဘုရား)။ မိစ္ဆာဒိဋ္ဌိဆိုတော့ အနတ္တကို အတ္တဖြစ်အောင် တွေးနေတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ်လို တွေးပါလိမ့်. . . (အနတ္တကို အတ္တဖြစ်အောင် တွေးပါတယ်ဘုရား)။ ဘုရားကြံစည်လို့ ရရဲ့လား. . . (မရပါ ဘူးဘုရား)။ အနတ္တဟာ အတ္တဖြစ်အောင် ဘုရားက ဘယ်လို ပဲ ကြံစည် ကြံစည်၊ ဒကာ ဒကာမတွေ မပိုင်တာကို မပိုင်တာ သာ ဖြစ်ရမယ်. . . (မှန်ပါ)။

မဆိုင်တာ၊ မဆိုင်တာသာဖြစ်ရမယ်ဆိုတာလည်း သဘောပါပြီလား. . . (ပါပါပြီဘုရား)။

နဖူးပေါ် လက်တင်ရင်လည်း သူဝင်လာတာပဲ၊ သဘော ကျပြီလား၊ တရေးနိုးရင်လည်း. . . (သူဝင်လာတာပါဘုရား)။ သူဝင်လာတာပဲ။

မနက်စောစောနိုးရင်ကော. . . (သူဝင်လာတာပါ ဘုရား)။ သူဝင်လာတာပါပဲ၊ အလုပ်ထဲ ထိုင်တော့ကော. . . (သူဝင်လာပါတယ်ဘုရား)။ သူဝင်လာတာပဲဆိုတော့ ဒိဋ္ဌိ ကတော့ဖြင့် ဒိဋ္ဌိတွေးလုံးဟူသရွေ့၊ ကိုစံလှတို့ ကိုစောမောင်တို့ က မှတ်လိုက်၊ အနတ္တကို အတ္တဖြစ်အောင် တွေးနေတာချည့်ပဲ . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒိဋ္ဌိတွေးလုံးဟူသ၍ကဖြင့် . . . (အနတ္တကို အတ္တဖြစ် အောင်တွေးနေတာပါဘုရား)။ ဘယ်တော့မှလည်း အနတ္တက အတ္တဖြစ်မယ်လို့ဆိုတာလည်း အယူမရှိပါနဲ့. . . (မှန်ပါ)။ ရှင်းပြီ လား. . . (ရှင်းပါပြီဘုရား)။

## လူကြီးတွေကဒိဋ္ဌိအယူကြီးတယ်

ကဲ. . . ဦးဘလေးတို့ ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီဘုရား)။ ဒကာ ဒကာမတို့ ထပ်မေးတယ်လို့လည်း မအောက်မေ့ပါနဲ့၊ လူငယ်နဲ့ လူကြီး ဘယ်သူက ဒိဋ္ဌိအယူကြီးပါလိမ့်. . . (လူကြီးက အယူကြီးပါတယ်ဘုရား)။ ရှင်းပြီလား။

မရှင်းသေးဘူးလား ဦးမြ. . . (ရှင်းပါပြီဘုရား)။ ကလေးတွေကတော့ဖြင့် အိပ်ရာပေါ် ခေါင်းအုံးပေါ် ခေါင်းချ တယ်ဆိုရင် အိပ်ပျော်သွားတာ၊ လူကြီးတွေက မပျော်နိုင်ဘူးဆိုတာ ဘယ်သူဝင်နေတယ်ဆိုတာ ကိုစောမောင် ယနေ့ လက်သည် ဖမ်းပေးတာပဲ. . . (မှန်ပါ)။

ဘာဝင်နေတုံး. . . (ဒိဋ္ဌိဝင်နေတာပါဘုရား)။ ဒိဋ္ဌိဝင်နေတယ်ဆိုတာ သေချာကြပြီလား. . . (သေချာပါတယ်ဘုရား)။

## တွေးလုံးဟူသ၍ဒိဋ္ဌိချည်းပဲ

အဲဒါကြောင့် ဒကာ ဒကာမတို့ တွေးလုံးဟူသ၍ ဒိဋ္ဌိချည်းဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ)။ တွေးလုံးဟူသ၍. . . (ဒိဋ္ဌိချည်းပါဘုရား)။ ဒိဋ္ဌိချည်းပဲဆိုတာ ကောင်းကောင်းကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီး. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါ မတွေးကောင်းတာ တွေးတဲ့အတွက် ဒိဋ္ဌိ တကျကကနေပြီး တကျ၊

ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏာကျအောင် မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

## ဒိဋ္ဌိဟာတဏှာပဲ

ဒိဋ္ဌိကနေပြီးသကာလ ဒိဋ္ဌိဟာ တဏှာပဲနော်. . . (မှန်ပါ)။ တဏှာနဲ့ တွဲလျက်၊ တဏှာပြီး ဥပါဒါန် လာမှာပဲ . . . (မှန်ပါ)။

ဥပါဒါန်လာပြီး သကာလ ကိုစောမောင်ရေ မိတ်မချမ်းသာတဲ့ ကာယကံ၊ ဝစီကံ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝ ပစ္စယာ ဇာတိဆိုတာကော . . . (လာမှာပါဘုရား)။ လာရမှာကို မလာပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

ဩော်. . . တွေးလုံး တွေးလုံး ဟူသ၍သည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဘယ်သူက အတွေးသာပါလိမ့်မတုံးဆိုတာ လက်သည် ဖမ်းကြပါ. . . (ဒိဋ္ဌိကပါဘုရား)။ ဒိဋ္ဌိက တွေးတယ်၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒိဋ္ဌိက တွေးတယ်၊ ဝိတက်ကကြံတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ဒိဋ္ဌိ ဦးစီးတဲ့ ဝိတက်လို့လည်း မှတ်လိုက်ပါ. . . (မှန်ပါ)။ ကိုစောမောင် ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီ တွေးလုံးသည် ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဒိဋ္ဌိ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ကံပြီးတော့ကို ဥပါဒါန်၊ ဥပါဒါန်ပြီးတော့ကိုကံ၊ ကံပြီးတော့ကို တွေးလုံးနဲ့ပဲ ဒကာ ဒကာမတို့ အပါယ်ရောက်ကြောင်းဖြစ်သွားတာပဲ. . . (မှန်ပါ)။

## အိပ်ယာထဲကအပါယ်သွားရတာ

အပါယ်လေးပါးရောက်သွားပါတယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘူးဘုရား)။ ကောင်းပြီ၊ အပါယ်သို့ ရောက်သွားရတယ်ဆိုတာ၊ ဘာမှ တွေးစရာမလိုတော့ဘူးဆိုတော့၊ ဩော် . . . ဒါ အိပ်ရာထဲမှာ ဒကာ ဒကာမတို့ အိပ်ရာထဲကနေ အပါယ်သွားရတာ. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (အိပ်ရာထဲကနေ အပါယ်သွားရတာပါဘုရား)။ တရေးနိုး. . . (အပါယ်သွားရပါတယ်ဘုရား)။ မနက်စောစော နိုးနေပြန်တော့. . . (အပါယ်သွားရပါတယ်ဘုရား)။

တစ်ယောက်တည်းထိုင်နေတော့ကော . . . . (အပါယ်သွားရပါတယ်ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

တွေးလုံးက ဒီ (၄)ချက်မှာ လာတာကိုးဗျ . . . (မှန်ပါ)၊ တွေးလုံးက ဒီလေးချက်မှာ လာတယ်ဆိုတာ ဒကာ ဒကာမတွေ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အနတ္တ အတ္တဖြစ်အောင် တွေးတယ် ဆိုကတည်းကိုက ကိုစောမောင် ဒိဋ္ဌိက တွေးတာ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ဘုရားကဒီအတွေးတွေအကုန်ဖြုတ်ပါတဲ့

အနတ္တကို အတ္တဖြစ်အောင်တွေးတယ်ဆိုကတည်းကိုက ဘာက တွေးတာတုံး. . . (ဒိဋ္ဌိကတွေးတာပါဘုရား)၊ ဒိဋ္ဌိက တွေးတာဆိုတာသေချာကြပြီလား. . . (သေချာပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး က မင်းတို့ဟာ တွေးချင်လို့ရှိရင် ဒီအတွေးတွေအကုန်ဖြုတ်ပါ။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်ရောက်ကြောင်းတွေးပါ

ဒီအတွေးအကုန်ဖြုတ်ပါဆိုပြီး၊ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက စုံစမ်းတွေးတောလုံးသည်ကားဆိုလို့ရှိရင်ဖြင့် တဲ့၊ အပါယ်သွားကြောင်း မတွေးဘဲနဲ့၊ နိဗ္ဗာန်ရောက်ကြောင်း တွေးပါဆိုတာ သံယုတ်ပါဠိတော်မှာ မှာထားတယ်. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ဒါ အပါယ်ရောက်ကြောင်းကို သိပြီနော် . . . (မှန်ပါ)။ မတွေးပါနဲ့လို့ ဘုန်းကြီးကပြောတယ်၊ တွေးချင်လို့ ရှိရင်လည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုတွေးစမ်း ပါကွာ. . . ။

ကိုစောမောင် ဒီဘက်က ဇရာ၊ မရဏထားလိုက်တာ ပေါ့၊ ဒီနှစ်လုံးက ဘာပါလိမ့်. . . (ဇရာ၊ မရဏပါဘုရား)။

တွေးတဲ့ မောင်နိုင်က၊ ဪ. . . မိမိတို့ခန္ဓာထဲ ဇရာ လည်းရှိတာပဲ၊ မရဏကော. . . (ရှိပါတယ်ဘုရား)၊ သေရဦးမယ် ဆိုတာ သိပြီးသားကိုး. . . (မှန်ပါ)။

ဒီထဲ ရုပ်ဓာတ်၊ နာမ်ဓာတ်တွေကလည်း သေမည့်ဓာတ် တွေဆိုတာ ကိုစောမောင် ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူး ဘုရား)၊ ဒီတရားတွေကလည်း အိုတဲ့ဓာတ်တွေဆိုရင်လည်း (မလွဲ ပါဘူးဘုရား)။

## ဇရာ မရဏဘယ်ကလာပါလိမ့်

ဒါဖြင့် ဇရာ မရဏဟာ ခန္ဓာကိုယ်ထဲမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အင်း. . . တွေးပါ ဒကာ ဒကာမတို့နော်၊ ဒီ ဇရာ မရဏ ဘယ်ကများလာပါလိမ့်မတုံး တွေးစမ်းပါ. . . (မှန်ပါ)။

ဒကာ ဒကာမတွေ ဘယ်လိုတွေးရမယ်. . . (ဇရာ မရဏ ဘယ်ကလာတုံး တွေးရမှာပါဘုရား)၊ ဇရာ မရဏ ဘယ်က လာပါလိမ့်မတုံးလို့ စတွေးပါ။ ကိုစောမောင် ဘယ်လို တွေးရမတုံး. . . (ဇရာ မရဏ ဘယ်ကလာတုံး တွေးရမှာပါ ဘုရား)။

ဒီလို တွေးလိုက်တဲ့အခါကျတော့ ဘုရားက တွေးကောင်းတယ်ကွာ၊ ဒီဇရာ မရဏ ဘယ်ကလာပါလိမ့်မတုံး၊ ဇရာမရဏဆိုကတည်းက၊ ဩော်. . . ဒီဒုက္ခသစ္စာ နှစ်ခု ဘယ်ကလာပါလိမ့်မတုံးဆိုတာ သူတွေးတယ်. . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခသစ္စာနှစ်ခုဘယ်ကလာပါလိမ့်

ဒီ ဒုက္ခသစ္စာနှစ်ခု. . . (ဘယ်ကလာပါလိမ့် တွေးရမှာပါဘုရား)၊ အဲဒီတော့ ဒီဒုက္ခသစ္စာနှစ်ခု ဘယ်ကလာပါလိမ့်မတုံးလို့ ဘယ်သူမေးမေး ဒကာ ဒကာမတွေ နိဖူးပေါ် လက်တင် အိပ်ရာဝင်တဲ့အခါမှာဖြစ်စေ၊ တစ်ယောက်တည်းထိုင်ပြီး ဆေးလိပ်သောက်တဲ့အခါမှာဖြစ်စေ၊ မနက်စောစော နိုးနေတဲ့အခါမှာဖြစ်စေ ဒါပဲစတွေးစမ်းပါ. . . (မှန်ပါ)။

**ခန္ဓာကိုယ်ထဲမှာ ဒီနေ့ကြီးလာပြီ၊ မနေ့ကထက် ဒီနေ့ကြီးပြီ၊ သေခါလည်း နီးလာပြီ၊ ဒီလိုကြီးတာနဲ့ သေခါနီးလာတဲ့ရုပ်နာမ်ကြီးဟာ ဘယ်ကများလာပါလိမ့်မတုံးလို့ ဒီလိုစတွေးလိုက်စမ်းပါ၊ တွေးတတ်ကြပြီလား. . . (တွေးတတ်ပါပြီဘုရား)။**

ဒီ ဇရာ မရဏ ဘယ်ကလာသတုံးဆိုတာ စတွေးပါ။ တွေးတော့ ဒီတွေးလုံးက ဘာတုံးလို့မေးတဲ့အခါကျတော့ သမ္မာဒိဋ္ဌိက၊ ဒကာ ဒကာမတွေ ဒီတွေးလုံးက ဘာတုံး. . . (သမ္မာဒိဋ္ဌိကပါဘုရား)။

သမ္မာဒိဋ္ဌိလို့ ဒကာ ဒကာမတွေ တွေးတတ်ကြပြီလား . . . (တွေးတတ်ပါပြီဘုရား)၊ အင်း. . . ဇရာ မရဏဆိုတာ ခန္ဓာကိုယ်ကြီးကိုဆိုတာပဲ၊ ဒီ ဇရာ မရဏ ခန္ဓာကိုယ်ကြီးဟာ ဘယ်က လာပါလိမ့်မတုံးလို့ တွေးကြစမ်းပါ။ မတွေးသင့်ဘူးလား. . . (တွေးသင့်ပါတယ်ဘုရား)။

အဲတော့ ရှိတာတော့ မတွေးဘူး ၊ခုနက အနတ္တကို အတ္တဖြစ်အောင် တွေးချင်တယ်ဆိုလို့ရှိရင် ကိုစောမောင် ဒါ အတွေးလွဲ. . . (မှန်ပါ)။

## တွေးချင်ရင် ဒါကိုတွေးပါ

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တွေးနည်းသင်ပါပြီတဲ့၊ စုံစမ်းနည်း၊ တွေးနည်းကို သင်ပါတယ်၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဇရာ မရဏမှ ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

နဖူးပေါ် လက်တင်လို့ရှိရင်ဖြင့် မနှစ်ကထက် ဒီနှစ် ကြီးလာပြီ၊ ဇရာဆိုတာ ရောက်လာပြီ၊ မရဏဆိုတဲ့သဘောကလည်း မဝေးတော့ဘူး၊ ဒီ ဇရာ မရဏ ခန္ဓာကြီး ဘယ်ကရပါလိမ့်မတုံးလို့ ဒီလို စတွေးပါ. . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ်လိုတွေးကြမယ်. . . (ဇရာ မရဏ ဘယ်ကရပါလိမ့်မတုံးလို့ တွေးရမှာပါဘုရား)၊ အဲတော့ ဇရာ မရဏလို့ သူ့

ပါးစပ်ကထွက်လာကတည်းက ဇရာ မရဏဟာ ဒုက္ခသစ္စာ၊ တွေးလုံးက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာလာဖြစ်တယ်. . . (မှန်ပါ)။

ဒကာ ဒကာမတွေ တွေးလုံးကဘာလာဖြစ်တုံး. . . (သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာလာဖြစ်ပါတယ်ဘုရား)၊ မဂ္ဂသစ္စာ လာဖြစ်တော့ ကိုစံလှ စဉ်းစား၊ ဩော်. . . မဂ္ဂသစ္စာဆိုတာ အလိုလိုလာတာလား အတွေးမှန်လို့လာတာလား. . . (အတွေးမှန်လို့လာတာပါဘုရား)။

အတွေးမှန်လို့လာတာဆိုတာ ကိုစောမောင် ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)၊ ဒါ နိဗ္ဗာန်ကျအောင်ပေါက်အောင်ဟောလိမ့်မယ်ဆိုတာ အသေအချာမှတ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဒီခန္ဓာကိုယ်ကြီးဟာ ဇရာ မရဏခန္ဓာကိုယ်ကြီးဆိုတာ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)၊ ဘယ်ကများ လာပါလိမ့်မတုံး၊ ဘယ်ကလာပါလိမ့်မတုံးလို့တွေးပါ၊ ဘယ်ကလာပါလိမ်မတုံးလို့ ဘာလုပ်ရမတုံး. . . (တွေးရမှာပါဘုရား)။

တွေးတော့ ဇရာ မရဏဆိုတာ သူရှိပြီးသားတွေးတာ၊ ကိုစောမောင် ဇရာတို့ မရဏတို့ဆိုတာ သူမသိဘူးလား. . . (သိပါတယ်ဘုရား)။

## နိဗ္ဗာန်ရောက်တဲ့အတွေး

သိတာသူတွေးတာ. . . (မှန်ပါ)၊ ဒါဖြင့် သူ့တွေးလုံး သည် ဒကာ ဒကာမတို့ ဇရာ မရဏက ဒုက္ခသစ္စာ၊ တွေးတဲ့ သဘောလေးက . . . (မဂ္ဂသစ္စာပါဘုရား)။

ဒီကျတော့ ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်တဲ့အတွေးဗျ . . . (မှန်ပါ)၊ ဒီကျတော့ မင် ဝမ်းထဲမှာ ကိုစ်လှ ပေါ်မလာဘူး လား. . . (ပေါ်လာပါတယ်ဘုရား)၊ ပေါ်လာတယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဩော်. . . ဇရာ မရဏက ဒုက္ခသစ္စာ၊ တွေးလုံးက ဘယ့် နှယ်ဆိုကြမယ်. . . (မဂ္ဂသစ္စာပါဘုရား)။ တွေးလုံးက မဂ္ဂသစ္စာ ဖြစ်နေတော့ ဒီလိုကျတော့ ငါဘုရားက ခွင့်ပြုတယ်။

ဒကာ ဒကာမတို့ ဘုရားခွင့်ပြုတာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)၊ တွေးတတ်ကြပြီလား. . . (တွေးတတ် ပါပြီဘုရား)၊ မရှိတာတွေးရမှာလား၊ ရှိတာတွေးရမှာလား. . . (ရှိ တာတွေးရမှာပါဘုရား)။

ရှိတာက ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ တစ်နေ့ တခြားအိုလာတာက ဒုက္ခသစ္စာ၊ တစ်နေ့တခြား သေခါနီးလာ တာက. . . (ဒုက္ခသစ္စာပါဘုရား)။

ဒီ ဒုက္ခနှစ်ခု ဘယ်ကများလာပါလိမ့်မတုံးလို့ တွေးလိုက် ကြစမ်းပါ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ် ဘုရား)။

ဒီ ဒုက္ခနှစ်ခုကို. . . (ဘယ်ကလာသတုံးလို့ တွေးရမှာ ပါဘုရား)၊ ဘယ်ကလာပါလိမ့်မတုံးဆိုတဲ့ဉစ္စာ တွေးလိုက်လို့ရှိ ရင်ဖြင့် ကိုစောမောင် အတွေးခံရတာက ဒုက္ခသစ္စာ၊ တွေးတဲ့ ဉာဏ်က. . . (မဂ္ဂသစ္စာပါဘုရား)။

## နိဗ္ဗာန်ရောက်တဲ့မဂ်ဉာဏ်

ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ချင်တော့လည်း၊ အတွေး မှန်တာနဲ့ ရောက်တဲ့မဂ်ဉာဏ်ဝင်လာတယ်. . . (မှန်ပါ)၊ အတွေး မှန်တော့. . . (ရောက်တဲ့မဂ်ဉာဏ်ဝင်လာပါတယ်ဘုရား)။

နိဗ္ဗာန်ရောက်အောင် ပို့တတ်တဲ့ မဂ်ဉာဏ် ကိုစောမောင် ဝင် လာတယ်. . . (မှန်ပါ)၊ ခုနတုန်းကလို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ လာသေးသလား. . . (မလာပါဘူး ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားက ဒီလိုတွေးပါကွ သေသေ ချာချာဟောပါတယ်. . . (မှန်ပါ)၊ သဘောပါပြီလား . . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် တွေးလိုက်တဲ့အခါကျတော့ ဇရာ မရဏ ဘယ်ကများလာပါလိမ့်မတုံးလို့တွေးလိုက်တော့၊ သစ္စာကို တစ်ခါတည်း ဇရာ မရဏက ဒုက္ခသစ္စာ၊ တွေးလုံးက မဂ္ဂသစ္စာ။

ဇရာ မရဏက ဘာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)၊ ဩော်. . . မဂ္ဂသစ္စာ ဝမ်းထဲရောက်တယ်. . . (မှန်ပါ)။

## မဂ်ဉာဏ်ဝမ်းထဲရောက်လာတယ်

ကိုစံလှ ဘာတဲ့. . . (မဂ္ဂသစ္စာ ဝမ်းထဲရောက်ပါတယ် ဘုရား)။ မဂ်ဉာဏ် ဝမ်းထဲရောက်လာတယ်ဆိုတာ သဘောကျ ပြီလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ကိုစောမောင် သစ္စာဘယ်နှပါးပိုင် သွားသတုံး. . . (နှစ်ပါးပိုင်သွားပါတယ်ဘုရား)၊ ဘယ်လောက် အဖိုးတန်သတုံး. . . (တန်ပါတယ်ဘုရား)၊ အင်မတန် အဖိုးတန် သွားတယ်ဆိုတာ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဒီဖြစ်ပျက်ကို တပည့်တော် မရှုသေးဘူး၊ ဒီပြင် တွေးလုံး တွေလာလို့ရှိရင် ဒီပြင်တွေးလုံး အကုန်ချုပ်. . . (မှန်ပါ)၊ ဒီတွေး လုံးပြန်ကောက်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

ဒီပြင် ရှေ့ရေးတွေ၊ နောက်ရေးတွေ၊ ကျောက်ရေးတွေ၊ တွင်းရေးတွေ အမျိုးမျိုးတွေးတဲ့အလုပ် အလုပ်လုပ်ချိန်မဟုတ်ဘဲ နဲ့ ကိုစောမောင် လာတာတွေကရှိသေးတယ်. . . (မှန်ပါ)။

မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အဲဒီအတွေးတွေ လာလို့ရှိရင် ခုနကအတွေးတွေ အကုန်ချုပ်. . . (မှန်ပါ)၊ ဒီတွေး လုံး စတွေးပါ. . . (မှန်ပါ)၊ သဘောပါကြပြီလား. . . (ပါ ပါပြီ ဘုရား)။

အဲ. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုစော မောင်ရေ ခြွင်းချက်မရှိ ဟောခဲ့တယ်ဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)။

ဒါက သစ္စာသိတဲ့တရား၊ သစ္စာသိတဲ့မဂ္ဂင် ပေါ်လာတာ ဆိုတာကော ဒကာ ဒကာမတွေ ကျေကျေနပ်နပ်သဘောကျကြ . . . (ကျပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါတယ်ဘုရား)။

## ဇာတိဒုက္ခဘယ်ကလာပါလိမ့်

တစ်ခါ ဆက်တွေးတာပေါ့ မောင်နိုင်ရ၊ ဒီဇာတိဒုက္ခ ဘယ်ကများ လာပါလိမ့်မတုံးဆိုတော့ သူ့ဇာတိ ဒုက္ခ သူသိတယ် . . . (မှန်ပါ)။

ဇာတိဆိုတာ ဒုက္ခသစ္စာကိုး ကိုစောမောင်. . . (မှန်ပါ)၊ ဇာတိ ဒုက္ခကို ဘယ်ကများလာပါလိမ့်မတုံးလို့ ဆက်တွေးပါ။ တွေးလိုက်တော့ ဇာတိဒုက္ခက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ ဘုရား)၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)၊ မင်္ဂ, ပြန်ပေါ်ပြန် တယ်၊ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဇာတိ ဒုက္ခက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရာ)၊ ဩော်. . . မောင်နိုင် မဂ်, ပြန်ပေါ်ပြန်တယ်. . . (မှန်ပါ)၊ ကိုပေါ်. . . (ပေါ်ပါတယ်ဘုရား)။

မဂ်ပေါ်တယ်ဆိုကတည်းကိုက ဝမ်းထဲ ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေတုံး. . . (ပြတ်ပါတယ်ဘုရား)၊ ပြတ်နေပြန်ပြီ ကိုစံလှ ရေ၊ ဘာပြုလို့ပြတ်သတုံးဆိုတော့ အို. . . သူ့ ဒုက္ခသစ္စာ၊ ဒီကကြည့်တာက မဂ္ဂသစ္စာဖြစ်နေလို့ ဝမ်းထဲ ပဋိစ္စသမုပ္ပါဒ်မှာ ကိုစောမောင် ရှိကိုမရှိဘူး. . . (မှန်ပါ)။

တဏှာ၊ ဥပါဒါန်၊ ကံတွေ လာသေးသလား. . . (မလာ ပါဘူးဘုရား)၊ ဒိဋ္ဌိတွေကော လာသေးသလား. . . (မလာပါဘူး ဘုရား)။

## ဒိတွေးလုံးကဘာကျေးဇူးများသတုံး

အဲဒီတော့ ဒီတွေးလုံးက ဘာကျေးဇူးများသတုံး မေးတဲ့ အခါကျတော့မှ သမ္မာဒိဋ္ဌိချည်း ဝမ်းထဲမှာပေါ်နေတယ်. . . (မှန်ပါ)၊ သမ္မာဒိဋ္ဌိပေါ်တော့ ခုနက သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတို့က ဘယ့်နှယ်နေတုံး. . . (မရှိတော့ပါဘူးဘုရား)။

ဒါဖြင့် ဒိဋ္ဌိသေတဲ့အလုပ်ဟာ သောတာပန်တို့၏အလုပ် ပဲ. . . (မှန်ပါ)၊ သောတာပန်ဖြစ်အောင်လုပ်နေတဲ့အလုပ်ပဲ. . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ကိုစောမောင် ဘာလုပ်နေတာပါလိမ့်. . . (သောတာပန်ဖြစ်အောင်လုပ်နေတာပါဘုရား)၊ ကျေနပ်ကြပြီ. . . (ကျေနပ်ပါပြီဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာ့မတို့ ဇာတိက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာဆိုတာ သိသွားတယ်၊ သိသွားတော့မှ အတွေးလေးက အဲ. . . ဒီဇာတိသည် ဘယ်ကလာပါလိမ့်မလဲလို့ဆိုတော့ အတွေးကလေးပေါ်လာတယ်။

## ကံလုပ်မိလို့ဇာတိလာတာ

ဩော်. . . ကမ္မဘဝ ပစ္စယာ ဇာတိ၊ ကံလုပ်မိလို့ လာတာ၊ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဒီတွေးလုံး မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် ကံက သမုဒယသစ္စာ. . . (မှန်ပါ)၊ ဇာတိက. . . (ဒုက္ခသစ္စာပါဘုရား)၊ ကံ, သမုဒယသစ္စာလို့လည်း သိလာတာကလည်း ဘာသစ္စာတုံး. . . (မဂ္ဂသစ္စာပါဘုရား)။

မဂ်ချည်းပြန်ပေါ်တယ်. . . (မှန်ပါ)၊ ကိုစောမောင် ဘာတွေချည်းပေါ်သတုံး. . . (မဂ်ချည်းပြန်ပေါ်ပါတယ်ဘုရား)၊ မဂ်ချည်းမပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ မဂ်ဖိုလ်ရရပါလို၏ဆိုတဲ့ ဥစ္စာ မဂ်ပေါ် ချင်တာနဲ့ဆိုတာ. . . (မှန်ပါ)၊ အခု ဒကာ ဒကာမတွေ အတွေးမှန်တော့ ဘာပေါ်နေတုံး. . . (မဂ်ပေါ်နေပါတယ်ဘုရား)။

ကဲ. . . ပြန်ပြောပါဦးမယ်၊ ဒီဇာတိဒုက္ခ ဘယ်ကများလာပါလိမ့်မလဲဆိုတော့ ဇာတိ ဒုက္ခက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဘယ်ကလာပါလိမ့်မလဲဆိုတဲ့တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)။

သူ ဇာတိဒုက္ခတော့ သိမနေဘူးလား. . . (သိနေပါတယ်ဘုရား)၊ သိနေတော့ သိတွေး တွေးတဲ့အတွက်တဲ့ ဒီအတွေးသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဒုက္ခသစ္စာကိုတွေးတာ. . . (မှန်ပါ)။

ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီတဲ့. . . ဒါဖြင့် တွေးလို့ပေါ်လာတဲ့ဉာဏ်ကိုဩော်. . . ကံလုပ်မိလို့ ဇာတိလာတာ. . . (မှန်ပါ)၊ ကံလုပ်မိလို့ ဇာတိလာတာဆိုတော့ ကံကို သူသွားမတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)၊ ကံ, သမုဒယကို မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)။

## နဖူးပေါ်လက်တင်ရင် ဒါတွေးပါ

ဒါဖြင့် သမုဒယသစ္စာ သိတဲ့မဂ္ဂသစ္စာလည်း ဝမ်းထဲ ရောက်လာတယ်. . . (မှန်ပါ)၊ ကျေနပ်ကြပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒီလိုချည့်သွားရမယ်နော်. . . (မှန်ပါ)၊ ကိုစောမောင် သွားတတ်ပြီလား. . . (သွားတတ်ပါပြီဘုရား)။

ဒီတွေးလုံးက နဖူးပေါ်လက်တင်ရင် ဒါတွေးပါ၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## တရေးနိုးရင်လည်း ဒါပဲတွေးပါ

နဖူးပေါ်လက်တင်ရင် ဒါတွေးပါ၊ တရေးနိုးရင်လည်း. . (ဒါပဲတွေးရမှာပါဘုရား)၊ ဒါ တွေးရမယ် ကိုယ်လုပ်နေတဲ့ဖြစ်ပျက်ကို မလုပ်ဘဲနဲ့ တွေးလုံးလာမယ်ဆိုရင် ဟိုတွေးလုံးကို လောကီတွေးလုံးကို အကုန်ဖျောက်. . . (မှန်ပါ)၊ ဒီတွေးလုံးကို ဒကာ ဒကာမတွေ တွေးပါဆိုတာ သတိပေးလိုက်ပါတယ်. . . (မှန်ပါ)။

## တွေးလုံးသည်အလုပ်

တွေးလုံးသည် အလုပ်မှဟုတ်ပါရဲ့လားလို့မေးတဲ့အခါ ကျတော့ ကိလေသာ မလာတာသာကြည့်ပါ။ အလုပ်လုပ်လို့ မလာတာ. . . (မှန်ပါ)။

တဏှာ၊ ဥပါဒါန်၊ ကံ လာသေးရဲ့လား. . . (မလာပါဘူး ဘုရား)၊ ဒိဋ္ဌိကော လာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

ဒိဋ္ဌိမလာကတည်းက ဒိဋ္ဌိသတ်တဲ့တရား ဝမ်းထဲရောက် နေပြီ. . . (မှန်ပါ)၊ တဏှာ၊ ဥပါဒါန်၊ ကံမလာကတည်းက တဏှာ၊ ဥပါဒါန်၊ ကံ သတ်တဲ့တရား ဝမ်းထဲမှာရှိနေတယ်. . . (မှန်ပါ)။

ဘယ်သူပါလိမ့်ဗျာ. . . မဂ်သမ္မာဒိဋ္ဌိရှိတယ် . . . (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘယ်သူရှိသတုံး. . . (မဂ်သမ္မာဒိဋ္ဌိ ရှိပါတယ်ဘုရား)၊ မဂ်သမ္မာဒိဋ္ဌိ ရှိတယ်ဆိုတာ မပေါ်လာသေး ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ကံချုပ်ရင် ဇာတိချုပ်မှာပဲ

ဩော်. . . ဒါဖြင့် နောက်တစ်ခါတွေးတဲ့အထဲမှာလည်း ဩော်. . . ကံချုပ်လို့ရှိရင်တော့ ဇာတိချုပ်မှာပဲ. . . (မှန်ပါ)၊ ကံ ချုပ်လို့ရှိရင်တော့ဖြင့်ဆိုတော့ ကံက နိရောဓမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဇာတိကော. . . (နိရောဓဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် ကံ ချုပ်လို့ရှိရင်ဖြင့် ဇာတိချုပ်မှာပဲလို့ သိတာက ဘယ်သစ္စာသိသတုံး . . . နိရောဓသစ္စာသိတာ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

## နိဗ္ဗာနသို့ရောက်ကြောင်း

က်ချုပ်ရင် ဇာတိချုပ်မှာပဲလို့ သိတာက. . . (နိရောဓ သစ္စာသိတာပါဘုရား)၊ နိရောဓသစ္စာဆိုတော့ နိဗ္ဗာန်သွားသိ တယ်. . . (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်လည်း နိရောဓသစ္စာ၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ အင်း. . . သိလုံးကလေးက. . . (မဂ္ဂ သစ္စာပါဘုရား) ဆိုတော့ ခု တွေးလိုက်တာသစ္စာလေးပါးဟာ အကုန်လုံး ခင်ဗျားတို့ဝမ်းထဲမှာ ရောက်ပါတယ်ဆိုတော့၊ သိလုံး မဂ္ဂသစ္စာ ဝမ်းထဲမှာ ကေန်ရောက်ပါတယ်ဆိုတာလည်း ပေါ်ကြ ပြီလား. . . (ပေါ်ပါပြီဘုရား)။

## တွေးလုံးသည်ပင်မဂ်ရတဲ့အလုပ်

နောက် ဒီလိုတွေးရမယ်နော် ဒကာ ဒကာမတွေ. . . (မှန်ပါ)၊ တွေးတတ်ကြပြီလား. . . (တွေးတတ်ပါပြီဘုရား)၊ ဒါ အလုပ်မလုပ်ဘဲနဲ့ တွေးလုံးသည်ပင်လျှင် ဒီဥစ္စာ မဂ်ရတဲ့အလုပ် လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။

တွေးလုံးသည်ပင်လျှင် . . . (မဂ်ရတဲ့အလုပ်ပါဘုရား)၊ အဲဒီတော့ မောင်နိုင် သစ္စာသိရင် မဂ်ဖြစ်တာကိုး. . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဒီထဲမှာ ဝိပဿနာ အထက်တန်းကျတော့ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

ဒီလို တွေးနေလို့ရှိရင်ဖြင့်တဲ့ မဂ္ဂသစ္စာ ဝမ်းထဲရောက်သောကြောင့် မိမိခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်ဟာ သေသေချာချာပြတ်တယ်ဆိုတာ ခင်ဗျားတို့ တာဝန်ယူနိုင်ပါတယ်၊ မယူနိုင်ဘူးလား. . . (ယူနိုင်ပါတယ်ဘုရား)။

## ဒါကသစ္စာဝိပဿနာလို့ခေါ်တယ်

ဒါက ဘယ့်နှယ်တုံးဘုရား အနိစ္စ၊ ဒုက္ခ၊ အနတ္တ မပါပါလား။ အေး. . . ဒါက **သစ္စာဝိပဿနာ**လို့ ခေါ်သည်. . . (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြ. . . (သစ္စာဝိပဿနာပါဘုရား)၊ **သစ္စာသိတဲ့ဝိပဿနာ**လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီ ဥပါဒါန် ဘယ်ကလာပါလိမ့်မလဲလို့ မတွေးထိုက်ဘူးလား. . . (တွေးထိုက်ပါတယ်ဘုရား)။

ဒီကံ ဘယ်ကလာပါလိမ့်မလဲလို့ တွေးလိုက်စမ်းပါ။ တွေးလိုက်တဲ့အခါကျတော့ ဒီကံသည်ကားလို့ဆိုရင်ဖြင့် ခင်ဗျားတို့ သိပြီးသား၊ ကံဟာ ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးဟာ ဒုက္ခသစ္စာဆိုတော့ ဒုက္ခက္ခန္ဓသလို့လည်း မှတ်ထားရမယ်. . . (မှန်ပါ)။

ကံ ဒုက္ခသစ္စာ ဘယ်ကလာပါလိမ့်မလဲလို့ မတွေးရဘူးလား. . . (တွေးရမှာပါဘုရား)။

ဒါဖြင့် ကံ ဒုက္ခသစ္စာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဘယ်ကလာပါလိမ့်မတုံးလို့ တွေးလုံးက. . . (မဂ္ဂသစ္စာပါဘုရား)။

## တောက်လျှောက်သာတွေးနေပါ

အဲ. . . ကံသည် ဒုက္ခသစ္စာလို့သိတယ်၊ မသိဘူးလား . . . (သိပါတယ်ဘုရား)၊ အဲ. . . သိတော့ကို သိလုံးက ဘာသစ္စာ. . . (မဂ္ဂသစ္စာပါဘုရား)။

ကိုစောမောင် တွေးပါ။ တောက်လျှောက်သာတွေးနေ သမုဒယကို ဝင်ခွင့်ရသေးရဲ့လား . . . (မရပါဘုရား)။ ဒိဋ္ဌိကော . . . (မရပါဘူးဘုရား)။

ဒါ ဘာလုပ်နေတာတုံးလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် ဒိဋ္ဌိ၊ တဏှာသတ်နေတာ . . . (မှန်ပါ)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

## ပွားများတဲ့အလုပ်လုပ်နေတာ

ဘာသတ်နေတာတုံး . . . (ဒိဋ္ဌိ တဏှာသတ်နေတာပါဘုရား)။ ဒိဋ္ဌိ တဏှာ သတ်နေတာဆိုတော့ ဒီနေ့ တရားမှာ

ဒကာ ဒကာမတို့ ဒါ သစ္စာသိအောင် ပွားများနေတဲ့ အဓိပ္ပါယ်မှ တစ်ပါး "ဘာဝေတဗ္ဗ ကိစ္စ" အလုပ်လုပ် နေတာဆိုတာကော ပေါ်လာကြပြီလား . . . (ပေါ်လာပါပြီဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . ဒါဖြင့် ဒီကံ ဘယ်က လာပါလိမ့်မတုံးလို့ တွေးတဲ့အခါ တွေးလုံးထဲကပဲ ပေါ်လာပြန်တယ် ဥပါဒါန်က လာတယ် . . . (မှန်ပါ) မလာပေဘူးလား . . . (လာပါတယ် ဘုရား)။

ဒါဖြင့် ကိုစောမောင် ဥပါဒါန်က အကြောင်းကျပြန်တယ် . . . (ကျပါတယ်ဘုရား) ဒါဖြင့် သမုဒယသစ္စာ သိတာဟာ သူ့အကြောင်းက သမုဒယသစ္စာ၊ သိလုံးက . . . (မဂ္ဂသစ္စာပါ ဘုရား)။

မဂ္ဂသစ္စာလို့ ဆိုတော့ ဒကာဒကာမတွေ ခုတော့ မချုပ်ဘူး ချုပ်တယ်ကို သိသောကြောင့် ချုပ်တာက ဘာသစ္စာတုံး . . . (နိရောဓသစ္စာပါဘုရား) သိတာက . . . (မဂ္ဂသစ္စာပါ ဘုရား)။

## ဒီလိုချည်းတွေးသွားစမ်းပါ

ဒီလိုချည်း တွေးသွားစမ်းပါ . . . (မှန်ပါ့) ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါအလုပ် လုပ်နေတာပဲလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ) ဘာဝေတဗ္ဗကိစ္စနဲ့ လုပ်နေတာပဲလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါဘုရား)။

ကဲ . . . ဒါဖြင့် ရှေ့သွားကြပါဦးစို့ . . . ဩော် . . . ဒါ ကိုစောမောင် ဘာတရားပါလိမ့် . . . (သစ္စာတရားပါဘုရား) သစ္စာအလုပ်တရား . . . (မှန်ပါ့) ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာတရားပါလိမ့် . . . (သစ္စာအလုပ်တရားပါဘုရား) သစ္စာအလုပ်တရားလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

ကဲ တစ်ခါ သွားပါဦး၊ ဥပါဒါန် ဆိုတာလည်း ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါဘုရား) ဒီက ဒုက္ခက္ခန္ဓသာဆိုတာ မှတ်ထားနော် . . . (မှန်ပါ့)။

ကိုစောမောင် ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ သိထားမှ ဒီသစ္စာကို ပွားများလို့ရတာ ကိုစောမောင်ရဲ့ နို့မဟုတ်ရင် ရပ့်မလား. . . (မရပါဘူးဘုရား)။

## ဥပါဒါန်ဘယ်ကလာပါလိမ့်

ကဲ. . . ဒါဖြင့် ရှင်းလိုက်ပါဦး ဒကာ ဒကာမတွေ၊ ဒီဥပါဒါန် ဘယ်ကလာပါလိမ့်မလဲ. . . (တဏှာကလာတာပါဘုရား)။ ဥပါဒါန်က ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဥပါဒါန်ဆိုတဲ့ ဒုက္ခသစ္စာ၊ ဒုက္ခပေးလေ သမျှ ဥပါဒါန်ချည်းပဲဆိုတာ မသေချာဘူးလား . . . (သေချာပါတယ် ဘုရား)။ အဲဒီဥပါဒါန် ဒုက္ခသစ္စာ ဘယ်ကလာပါလိမ့်မတုံး ဆိုတော့ ဥပါဒါန်က ဘာသစ္စာဖြစ်သတုံး. . . (ဒုက္ခသစ္စာ ဖြစ်ပါတယ်ဘုရား)။ တွေးလုံးက . . . (မဂ္ဂသစ္စာဖြစ်ပါတယ် ဘုရား)။

တွေးလို့ ပေါ်လာတဲ့ ဩော်. . . ဥပါဒါန်က တဏှာက လာတာပဲဆိုတော့၊ တဏှာက သမုဒယသစ္စာ . . . (မှန်ပါ)။ လာတာပဲလို့ သိတာက. . . (မဂ္ဂသစ္စာပါဘုရား)။

ကိုစောမောင် မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ ဘုရား)။ ဒီဘက်က ဒဏ္ဍာတွေ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ ဘုရား)။ ကောင်းပြီ . . ၊ ဒါဖြင့် တဏှာချုပ်ရင် ဥပါဒါန် နေဦး မှာလား. . . (မနေပါဘူးဘုရား)။

## တဏှာဥပါဒါန်ချုပ်ရင်နိဗ္ဗာန်ပဲ

ဒါဖြင့် သူတို့နှစ်ခုချုပ်တာဟာ သိတော့၊ သူတို့နှစ်ခု ချုပ်လို့ရှိရင် နိဗ္ဗာန်ပဲဆိုတာ မသေချာဘူးလား. . . (သေချာပါ တယ်ဘုရား)။

ဒါက သူတို့နှစ်ခုချုပ်တာ၊ ချုပ်တာက ဘာသစ္စာ. . . (နိရောဓသစ္စာပါဘုရား)။ သိလုံးကလေးက. . . (မဂ္ဂသစ္စာပါ

ဘုရား)။ အဲ. . . မဂ္ဂသစ္စာ ပွားပြီးသားဖြစ်နေတယ်ဆိုတော့၊ သံယုတ်ပါဠိတော်ကလာပြန်တယ် ကိုစောမောင်. . . (မှန်ပါ)။ ပေါ်ပြီလား ကိုစံလှ. . . (ပေါ်ပါပြီဘုရား)။

ဒါ ခက်သလား ဒကာ ဒကာမတို့ . . . (မခက်ပါဘူး ဘုရား)။ မခက်နဲ့၊ ပဋိစ္စသမုပ္ပါဒ် နာပြီးသား ဒကာ ဒကာမ တွေမှာ ရှင်းနေတာပဲ. . . (မှန်ပါ)။

ဘယ်လောက် ကြာကြာ ဘာသစ္စာတွေ လာမယ်ထင် သတုံး. . . (ဒုက္ခသစ္စာတွေ လာမှာပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ တဏှာဆိုတဲ့ ဒုက္ခ သစ္စာဟာ၊ တဏှာလည်း ဒုက္ခသစ္စာသွားဖြစ်တယ်နော်. . . (မှန်ပါ)။ ဘယ်ကများလာပါလိမ့်မတုံးဆိုတော့ တဏှာဒုက္ခသစ္စာ က ဒုက္ခသစ္စာ၊ ဘယ်ကလာပါလိမ့်မတုံးလို့ သိလုံးကလေးက . . . (မဂ္ဂသစ္စာပါဘုရား)။

ဩော် . . . ဝေဒနာက လာတာပဲလို့ သိလိုက်တော့ ဘယ်သစ္စာ သိပါတုံး . . . (သမုဒယသစ္စာ သိပါတယ်ဘုရား)။ သမုဒယသစ္စာသိပြန်တယ်၊ သဘောပါကြပြီလား . . . (ပါပါပြီ ဘုရား)။

သမုဒယသစ္စာ သိပြန်တော့ ဒကာဒကာမတို့ သစ္စာ ဘယ်နှပါးသိ. . .၊ အင်း. . . သမုဒယ သစ္စာလည်း ဒို့သိတယ်၊ ဒုက္ခသစ္စာကော. . . (သိပါတယ်ဘုရား)၊ သိပြီ၊ သစ္စာနှစ်ပါး ခု- သိနေပြီ။

နောက်တစ်ခါသွားတော့၊ ဝေဒနာများချုပ်သွားတော့ အင်း. . . တဏှာကျန်နေဦးမှာလား. . . (မကျန်ပါဘူးဘုရား)။ ဟာ အလယ်မှာ သူတို့နှစ်ခု ချုပ်တာ သိလာပြန်၊ ချုပ်မှုက ဘာသစ္စာ. . . (နိရောဓသစ္စာပါဘုရား)။

သိတာက. . . (မဂ္ဂသစ္စာပါဘုရား)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒီဥစ္စာက နောက်ဆုတ်တွေးလို့ သစ္စာကိုနောက်ဆုတ် စုံစမ်းဆင်ခြင်တာနဲ့ မဂ်ဉာဏ်ရတာဆိုတာ၊ ဒကာ ဒကာမတွေ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

## အိပ်ယာဝင်ချိန်သစ္စာကစတွေး

ဒါ တရေးနိုးနိုး၊ အိပ်ရာဝင်ချိန် ဒိပြင် အတွေးလာလို့ ရှိရင် သူကစတွေး၊ သစ္စာက စတွေး. . . (မှန်ပါ)။ ပေါ်ကြပြီ လား. . . (ပေါ်ပါပြီဘုရား)။

နို့ မဟုတ်ရင်ဖြင့် ခုနှစ်စဉ်တန်းအောင်တွေး၊ အိပ် မပျော်အောင်တွေး၊ ဒကာ ဒကာမတွေ ရောဂါရအောင်တွေး ဆိုတာကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

တစ်ခါတည်း သည်းခြေရူးဖြစ်လာအောင်လည်း တွေး လေ့ဆွေးလေ့ရှိတယ်နော်. . . (မှန်ပါ)။ အင်မတန် ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် တွေးတတ်ကြပြီလား. . . (တွေးတတ်ပါတယ်ဘုရား)။ တွေးတွေး ဝေဒနာကျအောင်ပဲ တွေးရတော့မယ် . . . (မှန်ပါ)။ သို့သော် ဒီနေ့ ဖြန့်ပြီး သကာလ ကိုင်း . . . တွေးလိုက်တဲ့အခါကျတော့မှ၊ ဩ်. . . တဏှာဘယ်ကလာပါလိမ့်မတုံး. . . ဝေဒနာကလာတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## တဏှာဘယ်ကလာသတုံး

တဏှာဆိုတဲ့ ဒုက္ခသစ္စာဘယ်ကလာသတုံး. . . (ဝေဒနာက လာပါတယ်ဘုရား)။ ဝေဒနာကလာတာ၊ မောင်နိုင်ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာဘယ်နှပါးသိသွားသတုံး. . . (နှစ်ပါးသိပါတယ်ဘုရား)။ နှစ်ပါးသိတာ သေချာတယ်၊ တဏှာ ဒုက္ခသစ္စာလို့လည်း သိတယ်၊ ဝေဒနာ သမုဒယသစ္စာလို့ကော. . . (သိပါတယ်ဘုရား)။

သိတော့ ခန္ဓာကိုယ်ထဲမှာ ဒကာ ဒကာမတွေ သစ္စာသုံးပါးသိတဲ့ဉာဏ် ရောက်လာပြီ. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ဝေဒနာချုပ်ရင် တဏှာချည့်ကျန်ရစ်ဦးမှာလား. . . (မကျန်ပါဘူးဘုရား)။ မကျန်ရင် ဖြစ်ပျက် ရှုလိုက်၊ ဝေဒနာနဲ့ တဏှာချုပ်တာက နိရောဓသစ္စာ. . . (မှန်ပါဘုရား)။ သိလုံးကလေးက. . . (မဂ္ဂသစ္စာပါဘုရား)။

## ဝေဒနာဇာတ်သိမ်းအောင်လုပ်

ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။ ကိုင်း. . . နေရာကျပြီပေါ့၊ ဒီတစ်ခါတော့ဖြင့် ကိုစောမောင်ရေ၊ ဝေဒနာ ဇာတ်သိမ်းအောင် လုပ်မှတော်မယ်ဆိုတဲ့ဉာဏ်ဟာ မလာပေ ဘူးလား. . . (လာပါတယ်ဘုရား)။

ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့၊ ဒီတဏှာ ဥပါဒါန်၊ ကံတွေက မောင်နိုင်တို့ စဉ်းစားပါ ဒီဝေဒနာရှိလို့လာ တာ. . . (မှန်ပါ)။

ဝေဒနာမရှိရင်. . . (မလာပါဘူးဘုရား)။ ဒါဖြင့် ကိုပေါ်ရေ တဏှာ၊ ဥပါဒါန်၊ ကံကြောက်ရမှာလား၊ ဝေဒနာ ကြောက်ရမှာလား. . . (ဝေဒနာကြောက်ရမှာပါဘုရား)။

ဒါဖြင့် ဝေဒနာဆိုတာ ခင်ဗျားတို့ ခန္ဓာငါးပါးပါပဲ. . . (မှန်ပါ)။ ခန္ဓာငါးပါးနဲ့ တွဲနေတာပါပဲ. . . (မှန်ပါ)။ သဘောကျ ပြီလား. . : (ကျပါပြီဘုရား)။

## ဝေဒနာဆိုတာဘာပါလိမ့်

ဝေဒနာဆိုတာ ဘာပါလိမ့်. . . (ခန္ဓာငါးပါးနဲ့ တွဲနေ တာပါဘုရား)။ ခန္ဓာငါးပါးနဲ့ တွဲပြီး သကာလ နေလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်တဲ့၊ ဒါဖြင့် ရှေ့ပိုင်းခန္ဓာငါးပါး ပေါ်တယ်လို့ မှတ်လိုက်တာပေါ့. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် . . . (ခန္ဓာငါးပါးပေါ်ပါတယ်ဘုရား)။ မပေါ်သေးဘူးလား ဒကာ ဒကာမတွေ. . . (ပေါ်ပါတယ်ဘုရား)။

ဝေဒနာက သူ့ချည်း ဖြစ်တယ်လို့ ထုံးစံရှိရဲ့လား. . . (မရှိပါဘူးဘုရား)။ မယုံရင် တွေးကြည့်လိုက်၊ ဝေဒနာ ဘယ်အပေါ်မှာပေါ်သတုံးဆိုတော့၊ ကိုယ်ပေါ်မှာ ပေါ်တယ်လို့ ပြောချင်လည်းပြောလိမ့်မယ်၊ မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)။

ကိုယ်က ရူပက္ခန္ဓာ. . . (မှန်ပါ)။ ဝေဒနာက. . . ဝေဒနာက္ခန္ဓာ၊ သူနဲ့တွဲနေတဲ့ သညာ၊ သင်္ခါရက္ခန္ဓာတွေက ပါမနေဘူးလား. . . (ပါနေပါတယ်ဘုရား)။

အဲတော့ ခန္ဓာက တွဲမနေဘူးလား. . . (တွဲနေပါတယ်ဘုရား)။ တွဲနေတော့ နေရာကျပြီဘုရား၊ ဒါဖြင့် တပည့်တော်တို့အင်း. . . ဒီတဏှာ၊ ဥပါဒါန်၊ ကံတွေချုပ်စေချင်၊ ဇာတိ၊ ဇရာ၊ မရဏတွေ ချုပ်စေချင်လို့ရှိရင်ဖြင့်၊ ဝေဒနာမပေါ်အောင်လုပ်လိုက်ရလို့ရှိရင်ဖြင့် မပြီးပေဘူးလား. . . (ပြီးပါတယ်ဘုရား)။ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဝိပဿနာ ဒီကနေပြီး စရှုလို့ပြောလိုက်ပါတယ်. . . (မှန်ပါ)။ တွေးတာက ဒီကတွေးတာပဲ ကိုစောမောင်တွေးတတ်ပြီလား. . . (တွေးတတ်ပါပြီဘုရား)။

## ဝေဒနာကိုဖြတ်ရမယ်

တွေးခြင်းကြောင့် သစ္စာလေးပါး မရဘူးလား. . . (ရပါတယ်ဘုရား)။ အင်း. . . တစ်ခါတည်း ဒါတွေးတွေးပြီး သစ္စာတွေမြင်တဲ့အခါကျတော့မှ၊ ဩော်. . . ဘယ်သူ့ဖြတ်မှသာလျှင် ဒီဘက်က ဒုက္ခတွေ အကုန်ပြတ်မယ်ဆိုတာ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ဘယ်သူ့ဖြတ်ကြမတုံး. . . (ဝေဒနာဖြတ်ရမှာပါဘုရား)။ ဝေဒနာဖြတ်ရမယ်ဆိုတာ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုး လှည့်မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## ဝေဒနာပေါ်တိုင်းဖြစ်ပျက်ရှု

ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဒီကျမှ ရှုလို့ရတယ်၊ ကိုစောမောင် ဒီကျမှ၊ နောက်စိတ်ကလေး ဒီကျမှ ရှုဖို့ရာ ပေါ်လာတယ်. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ကိုင်း. . . ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ရှုတဲ့အပိုင်းကလည်း ဖြစ်ပျက်မြင်ဖို့၊ ဝေဒနာဖြစ်ပျက်မြင်ဖို့၊

ဝေဒနာဖြစ်ပျက်မှန်းဖို့၊ ဝေဒနာဖြစ်ပျက်တွေ ဆုံးတယ်ဆိုကြစို့ . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ဆုံးရင်မဂ္ဂင်ရှစ်ပါး

ဝေဒနာဖြစ်ပျက်တွေ ဆုံးသွားတဲ့အခါကျတော့ မဂ္ဂင်က ရှစ်ပါးမဖြစ်ဘူးလား. . . (ရှစ်ပါးဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ. . . ဒီဘက်က ဝေဒနာဆုံးတဲ့ ကျန်ခန္ဓာတွေက ငါတို့နေခဲ့ဦးမယ်လို့ ရှိသေးရဲ့လား. . . (မရှိပါဘူး ဘုရား) ဘာ့ကြောင့်တုံး မေးလို့ရှိရင်ဖြင့် ဝေဒနာနဲ့ ကျန်တာ တွေက နာမက္ခန္ဓာလေးပါး၊ သူ့မှီနေရတာက ရူပက္ခန္ဓာ။

အဲဒီတော့ ဝေဒနာလဲတော့ ရူပက္ခန္ဓာလည်း လိုက်ပြီး လဲရတယ်. . . (လဲရပါတယ်ဘုရား)။ ကျူစီး နှစ်စီးထောင်ထား တယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အင်း. . . နာမက္ခန္ဓာလဲတော့ကို. . . (ရူပက္ခန္ဓာလည်း လဲရပါတယ်ဘုရား)။ အဲ. . . နာမက္ခန္ဓာပျက်တော့ ရူပက္ခန္ဓာ လည်း ငါချည်းကျန်ရစ်သေးသလား. . . (မကျန်ရစ်ပါဘူး ဘုရား)။

## ဝေဒနာကုန်သွားတော့နိဗ္ဗာန်ပေါ်လာတယ်

အဲဒီတော့ "ဝေဒနာနံခယော ဘိက္ခု" လို့ဆိုလိုက်ပါ တယ် ဝေဒနာသံယုတ်က၊ ဝေဒနာကုန်သွားတယ်ဆိုတော့ ဒကာ

ဒကာမတို့ ဝေဒနာကုန်သွားတယ်ဆိုတော့ ဒီအပိုင်းက နိဗ္ဗာန်ပေါ်လာတယ်. . . (မှန်ပါ)။

ရှေ့ပိုင်းက ဘာပေါ်လာသတုံး. . . (နိဗ္ဗာန်ပေါ်လာပါတယ်ဘုရား)။ နိဗ္ဗာန်ပေါ်လာတဲ့အတွက် ဒကာ ဒကာမတို့တဲ့၊ နိဗ္ဗာန်ပေါ်လာတာကလည်း မဂ်ဉာဏ်က နိဗ္ဗာန်ဝင်လာတာနော်. . . (မှန်ပါ)။

ချုပ်သွားတာမမြင်လိုက်ပေဘူးလား. . . (မြင်ပါတယ်ဘုရား)။ မြင်လိုက်တော့ကိုး ဒကာ ဒကာမတို့ သန္တာန်၌ တဏှာ၊ ဥပါဒါန်၊ ကံတွေလာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

## လာခွင့်မရလို့ချုပ်တာ

တဏှာ၊ ဥပါဒါန်၊ ကံတွေက ကိုစောမောင်လာခွင့်ကို ရသေးရဲ့လား. . . (မရပါဘူးဘုရား)။ နောက်က ဒကာ ဒကာမတွေ. . . (မရပါဘူးဘုရား)။

လာခွင့်မရလို့ ဘယ့်နှယ်နေသတုံး. . . တကယ် သူတို့က ဒါက ရှုလို့ချုပ်တာ၊ သဘောကျပြီလား. . . (မှန်ပါ)။ ဒီက မလာပဲနဲ့ချုပ်တာ. . . (မှန်ပါ)။

ဒီက လာပြီးတော့. . . (ချုပ်တာပါဘုရား)။ ဒီဘက်က . . . (မလာဘဲနဲ့ချုပ်တာပါဘုရား)။ ထူးထူးမှတ်ပါ။

## ဖြစ်ပြီးမှချုပ်တာ

ရှေ့ပိုင်းကတော့ကို ရှုစရာရှိပြီး သင်္ကာလချုပ်သွား တယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

ဒီကဖြစ်ပြီးမှ ချုပ်တာ. . . (မှန်ပါ)။ ဒီက မဖြစ်ဘဲနဲ့ ချုပ်တာ. . . (မှန်ပါ)။ ရှေ့ပိုင်းကဟာတော့. . . (ဖြစ်ပြီးမှချုပ်တာပါဘုရား)။ နောက်ပိုင်းကဟာတော့. . . (မဖြစ်ဘဲနဲ့ ချုပ်တာပါဘုရား)။

ချုပ်ပုံခြင်း ဘယ့်နှယ်နေတုံး. . . (ခြားနားပါတယ်ဘုရား)။ ခြားနားတယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## မဖြစ်ဘဲနဲ့ချုပ်ရတာ

သူက "ဥပ္ပါဒနိရောဓ"၊ ဥပ္ပါဒဆိုတာ ဖြစ်တယ်ဖြစ်ပြီးမှ ချုပ်တယ်၊ ဒီက "အနုပ္ပါဒ နိရောဓ" အနုပ္ပါဒဆိုတာ မဖြစ်ဘဲနဲ့ ချုပ်ရတာ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒီလို ရှေ့ပိုင်းကတော့ဘာတဲ့. . . (ဥပ္ပါဒနိရောဓပါဘုရား)။ ဥပ္ပါဒ နိရောဓဆိုတာ ပါဠိ၊ မြန်မာလိုပြန်လိုက်တော့ . . . (ဖြစ်ပြီးမှ ချုပ်တာပါဘုရား)။

အဲ. . . ဖြစ်ပြီးမှ နောက်က ဉာဏ်ဝင်လိုက်တော့ ချုပ်တာ၊ ဒီဘက်က မဖြစ်ဘဲနဲ့ကို. . . (ချုပ်တာပါဘုရား)။

မဖြစ်ဘဲနဲ့ ချုပ်သွားတယ်ဆိုတာ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

## အနုပ္ပါဒနိရောဓ

မဖြစ်ဘဲနဲ့ချုပ်သွားတယ်ဆိုတာ "အနုပ္ပါဒနိရောဓ"၊ ဘာဖြစ်လို့ မဖြစ်ဘဲနဲ့ ချုပ်တယ်ဆိုတော့၊ မောင်နိုင်တို့က စကားကန့်လန့်ကြီးလို့ ထင်ချင်ထင်လိမ့်မယ်. . . (မှန်ပါ)။

လာနေကျလာရမှာ ကိုစောမောင်. . . (မှန်ပါ)။ ဒီမဂ်က တားလိုက်တဲ့အတွက် လာခွင့်မရဘဲနဲ့ ချုပ်သွားရှာတယ်. . . (မှန်ပါ)။

## ဥပ္ပါဒနိရောဓ

ဘယ်လိုဆိုကြမယ်. . . (လာခွင့်မရဘဲနဲ့ ချုပ်သွားပါတယ်ဘုရား)။ ဒါဖြင့် "အနုပ္ပါဒနိရောဓ" က ဒီဘက်က၊ "ဥပ္ပါဒနိရောဓ" က . . . (ရှေ့ကပါဘုရား)။

ရှေ့ကဆိုတော့ ဒကာ ဒကာမတို့ ခန္ဓာလည်းချုပ်၊ ကိလေသာလည်းချုပ်. . . (မှန်ပါ)၊ သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (ခန္ဓာလည်းချုပ် ကိလေသာလည်းချုပ်ပါတယ်ဘုရား)။ ခန္ဓာလည်းချုပ်၊ ကိလေသာလည်းချုပ်ဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ဝေဒနာကုန်အောင်လိုက်၊ ဟိုဘက်က တဏှာကုန်တယ်. . . (မှန်ပါ)။

ဒီဝေဒနာတွေ့တဲ့အခါကျတော့ ခန္ဓာတွေ့တယ်. . . (မှန်ပါ)။ ခန္ဓာငါးပါးတစ်ပြိုင်တည်း မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)။

တွေ့တဲ့အခါကျလို့ရှိရင် ဝေဒနာကို ရှုကြည့်လိုက်. . . (မှန်ပါ)။ ဝေဒနာ မကုန်ပေဘူးလား. . . (ကုန်ပါတယ်ဘုရား)။ ကောင်းပြီ၊ ဝေဒနာကုန်တော့ နောက်က တဏှာကကော. . . (ကုန်ပါတယ်ဘုရား)။

ကုန်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပမာ ပြလိုက်တယ်၊ ကွာတဲ့ ဒီလိုလုပ်တဲ့ပုဂ္ဂိုလ်များမှာ ငါ-ဥပမာ တစ်ခု ပြချင်တယ်တဲ့။

## မီးတွေနဲ့အိုးဖုတ်တယ်

ဒကာ ဒကာမတို့ အိုးတွေ ဖုတ်တယ်ကွာတဲ့၊ အိုးဖိုထဲမှာ အိုးတွေဖုတ်တယ်၊ အိုးတွေအများကြီးထည့်ပြီး အပြင်ဘက်ကနေ မီးနဲ့ ထင်းထိုးပြီး ဖုတ်ရတာပဲနော်။

အဲဒီအိုးတွေအပြင်ထုတ်ပြီး သကာလ ညှပ်ကလေးနဲ့ အိုးတွေကို ကျက်တဲ့အခါမှာ မဆယ်ရပေဘူးလား. . . (ဆယ်ရပါတယ်ဘုရား)။

ဆယ်ရတဲ့အခါကျတော့ အိုးဖိုထဲက ထုတ်တုန်းကတော့ အပူတွေပဲ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## အိုးဖိုထဲကအပြင်ထုတ်တယ်

ညှပ်နဲ့ဆယ်ထုတ်လိုက်တဲ့အခါကျတော့ အပြင်ဘက်မှာ အေးမသွားဘူးလား. . . (အေးသွားပါတယ်ဘုရား) သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီအအေးသည် ဒကာ ဒကာမတို့ အိုးဖိုထဲနေတုန်းကတော့ အပူပဲ. . . (မှန်ပါ)။ အပြင်ဘက်တစ်လုံးစီစီချလိုက်တဲ့အခါကျတော့. . . (အေးသွားပါတယ်ဘုရား)။

## အေးသွားတယ်

အေးသွားတယ်တဲ့၊ အပြင်ဘက် လေလေး ဘာလေးနဲ့ ကိုစောမောင် မတွေ့ရဘူးလား. . . (တွေ့ရပါတယ်ဘုရား) တွေ့ရတဲ့အခါ အေးအေးလေးဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)။

## ကိလေသာအပူအမြဲရှိတယ်

ဒီမှာလည်းတဲ့ မင်းတို့သည် ကားလို့ဆိုရင်တဲ့ ဟောဒီ

မဂ်သာမဝင်ဘူးဆိုရင်တဲ့၊ မင်းတို့ ခန္ဓာတည်းဟူသော အိုးဟာ ကိလေသာ အပူနဲ့ အမြဲရှိတယ်. . . (မှန်ပါ)။ သဘောကျပြီ လား. . . (ကျပါတယ်ဘုရား)။

ခန္ဓာထဲမှာ ကိလေသာအပူအမြဲရှိတယ်ကွ. . . (မှန်ပါ)။ အိုးဖိုထဲမှာ မီးထိုးထားသလိုပဲ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## မဂ်ဝင်တော့အပူမရှိတော့ဘူး

အဲဒီတော့ကိုတဲ့ မဂ်ဝင်သွားတဲ့အခါကျတော့တဲ့ ကိလေသာ အပူဓာတ်ရှိသေးရဲ့လား. . . (မရှိတော့ပါဘူး ဘုရား)။ ခန္ဓာတော့ရှိတယ်၊ အိုးတော့ရှိတယ်၊ အအေးရှိတယ်၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အိုးတော့ ရှိတယ်နော်၊ အပူရှိသေးရဲ့လား. . . (မရှိ တော့ပါဘူးဘုရား)။

## အအေးခန္ဓာရှိမယ်

ဒီမှာလည်းတဲ့ မင်းတို့ဝေဒနာကုန်အောင် ရှုလို့ရှိရင်ဖြင့် တဲ့ မင်းတို့ခန္ဓာတော့ရှိဦးမှာပါပဲကွာတဲ့၊ သို့သော် အအေး ခန္ဓာ ရှိမယ်တဲ့၊ ကိလေသာချုပ်ငြိမ်းတဲ့ခန္ဓာရှိမယ်တဲ့. . . (မှန်ပါ)။

ဒါဖြင့် "သဉပါဒိသေသ နိဗ္ဗာန်" ပေါ်တယ်လို့ ပြောတယ် . . . (မှန်ပါ)။ သဘောကျပြီလား. . . (မှန်ပါ)။

## သဉပါဒိသေသနိဗ္ဗာန်

ဘာနိဗ္ဗာန်တဲ့. . . (သဉပါဒိသေသနိဗ္ဗာန်ပါ ဘုရား) သဉပါဒိသေသနိဗ္ဗာန်ဆိုတာ **ခန္ဓာတော့ရှိတယ်၊** ကိလေသာ မရှိတဲ့ နိဗ္ဗာန်ဆိုတာ ခန္ဓာ**တော့ရှိတယ်၊ ကိလေသာ** မရှိတဲ့ နိဗ္ဗာန်ဖြစ်တယ်ကွတဲ့. . . **(မှန်ပါ)။**

ကိုစောမောင်ဘယ်**လိုမှတ်မယ်**. . . (ခန္ဓာတော့ရှိပါ တယ်ဘုရား ကိလေသာမရှိတဲ့ နိဗ္ဗာန်ပါဘုရား)။ ဒါဖြင့် **အိုး** တော့ရှိတယ်၊ အပူမရှိတဲ့ အိုးနဲ့တူတယ်ကွတဲ့. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ခန္ဓာရှိပြီးကိလေသာချုပ်တဲ့နိဗ္ဗာန်

ဒါ. . . နိဗ္ဗာန်ပြတာ-ဘုရား၊ နိဗ္ဗာန်ပေါ်တာကို သဘော ကျပြီလား. . . (ကျပါတယ်ဘုရား)။ ခန္ဓာရှိပြီး ကိလေသာချုပ်တဲ့ နိဗ္ဗာန်ပဲဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အိုးသည် ဒကာ ဒကာမတို့ **အိုးဖိုထဲက** ထုတ်လိုက်တုန်း ကတော့ အပူပေါ့ဗျာ. . . (မှန်ပါ)။ အပြင်ဘက် တစ်လုံးစီ စီလိုက်တဲ့အခါကျတော့ ဘာဖြစ်သတုံး. . . (အေးသွားပါတယ် ဘုရား)။

## ပူတဲ့အိုးနဲ့အေးသွားတဲ့အိုး

အိုးဖိုးထဲတုန်းကတော့ ပူတယ်၊ ပြင်ဘက်ထုတ်လိုက်တဲ့ အခါကျတော့. . . (အေးပါတယ်ဘုရား)။ နို့ဘာခြားနားသတုံး . . . (ကိလေသာခြားနားပါတယ်ဘုရား)။

ဩော်. . . အပူနဲ့ အအေး သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အအေးနဲ့ အိုး ဒီလိုတော့ မထူးခြားဘူးလား. . . (ထူးခြားပါတယ်ဘုရား)။

ဒီမှာလည်း ထိုနည်းတူစွာ ဒကာ ဒကာမတို့ ကိလေသာချုပ်အောင် ခင်ဗျားတို့ ဝေဒနာကုန်အောင် ရှုလိုက်တော့ ကိလေသာချုပ်သွားတော့ ရှုတဲ့ခန္ဓာတော့ ရှိတာပဲ. . . (မှန်ပါ)။

## ခန္ဓာထဲမှာမဂ်ဉာဏ်ပေါ်တယ်

ခန္ဓာငါးပါး၊ ခန္ဓာကြီး ကြည့်ပြီးသကာလ ဒီထဲမှာ ဉာဏ်နဲ့ ကြည့်တာကို. . . (မှန်ပါ)။ ဒီ. . . ခန္ဓာငါးပါးထဲမှာပဲ ဒီမဂ်ဉာဏ်က ပေါ်ရတာပဲ. . . (မှန်ပါ)။

ခန္ဓာတော့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။ သို့သော် ကိလေသာအပူက . . . (မရှိပါဘူးဘုရား)။

အဲ. . . နဂိုတုန်းက နေကြတာတော့ အိုးဖိုထဲက အိုးနဲ့ မင်းတို့ ခန္ဓာနဲ့တူတယ်. . . (မှန်ပါ)။ ဝိပဿနာမလုပ်လို့ရှိရင်

. . . (မှန်ပါ)။ အမြဲတမ်း အိုး. . . မရှိတာလည်း သူဝင်ပြီးနေ
တာပဲ. . . (မှန်ပါ)။ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ကိလေသာအပူငြိမ်းသွားတယ်

ခုတော့ဖြင့် ဝေဒနာကုန်အောင် ရှုလိုက်တော့၊ ကိလေသာကလည်း ကိုစောမောင် နောက်ကငြိမ်းမသွားဘူးလား. . . (ငြိမ်းသွားပါတယ်ဘုရား)။

ငြိမ်းသွားတော့ ခန္ဓာတော့ မကျန်ရစ်ဘူးလား. . . (ကျန်ရစ်ပါတယ်ဘုရား)။ သိုသော်တဲ့ အပြင်ဘက်ထုတ်တဲ့ အိုးလိုပဲတဲ့ အိုးသာရှိ၍ အပူမရှိဖြစ်တယ်ကွာတဲ့. . . (မှန်ပါ)။

## ခန္ဓာရှိလျက်နဲ့နိဗ္ဗာန်

ဒါ. . . နိဗ္ဗာန်တစ်မျိုးကွ. . . (မှန်ပါ)။ ခန္ဓာရှိလျက်နဲ့ နိဗ္ဗာန်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ အဲဒီလို အေးသွားအောင် ခင်ဗျားတို့ ကြိုးစားရမယ်ဆိုတာ ယနေ့ နည်းပေးပါတယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့

သာဓု. . .၊ သာဓု. . .၊ သာဓု။